**စင်ကာပူနိုင်ငံမှ ရေပေါ်ကစားကွင်း**

**စာရေးသူ......သက်တန့်ချို**

Marina Bay ပေါ်မှာ တည်ရှိတဲ့ ဒီကစားကွင်းကို Marina Bay Floating Platform လို့ခေါ်ပါတယ် ။ သူက World's Largest Floating Stage လည်း ဖြစ်ပါတယ် ။ စင်ကာပူနိုင်ငံ Marina Bay မှ Marina Reservoir မှာ တည်ရှိပါတယ် ။
စတီးတွေနဲ့ချည်းပြုလုပ်ထားပြီး Marina Bay မှ Floating platform ရဲ့ အကျယ်အဝန်းဟာ ၁၂၀ မီတာ ရှည်ပြီး ၈၃ မီတာ ကျယ်ပါတယ် ။ National Stadium မှ ဘောလုံးကွင်းထက် ၅% မျှပိုကြီးမားပါတယ် ။ အလေးချိန် ၁၀၇၀ တန်ကို ခံနိုင်ရည်ရှိပြီး အဲဒီအလေးချိန်ဟာ လူပေါင်း ၉၀၀၀ ၊ stage props ပေါင်း ၂၀၀ တန် နဲ့ military vehicles တန်ပေါင်း ၃၃၀ နဲ့ညီမျှတယ်လို့ဆိုပါတယ် ။ ဒီစတေဒီယမ်မှာလူပေါင်း ၃၀၀၀၀ လောက်လည်း ဝင်ရောက်ကြည့်ရှုနိုင်တယ်လို့ဆိုပါတယ် ။



















